**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**ညွှန်ကြားချက်အမှတ် ၁၂/၂၀၁၉**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ အဓိကကျသည့် အကျိုးစီးပွားများရယူခြင်းနှင့်ပတ်သက်သည့် ပုဒ်မ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇ နှင့် ယင်းဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့်သက်ဆိုင်ခြင်း**

၁။ ဤညွှန်ကြားချက်ကို အဓိကကျသည့် အကျိုးစီးပွားရယူခြင်းဆိုင်ရာညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်သည် ဘဏ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ (က) **အဓိကကျသည့်အကျိုးစီးပွား** ဆိုသည်မှာ ဗဟိုဘဏ်ကသတ်မှတ်သည့်အတိုင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း ဆိုသည်။

(ခ) **ဆွေမျိုးသားချင်း** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့်ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဂ) **ပူးပေါင်းဆောင်ရွက်ခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်များမှ ဘဏ်၏အစုရှယ်ယာများ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်များ သို့မဟုတ် ဘဏ်အားထိန်းချုပ်မှုကို ရယူခြင်းဖြင့် အဓိကကျသည့်အကျိုးစီးပွားကိုရယူရန် တူညီသောရည်မှန်းချက် သို့မဟုတ် ရည်ရွယ်ချက်

ထားရှိ၍ တရားဝင် သို့မဟုတ် တရားမဝင်သော သဘောတူညီချက် သို့မဟုတ် နားလည်မှုတစ်ရပ်အရ ဘဏ်၏ အစုရှယ်ယာများ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်များ သို့မဟုတ် ဘဏ်အားထိန်းချုပ်မှု ရယူခြင်းကိုဆိုသည်။

(ဃ) အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များဟု မှတ်ယူရမည်-

(၁) လူပုဂ္ဂိုလ်နှင့် ယင်း၏ ဆွေမျိုးသားချင်း၊

(၂) စီးပွားရေးအဖွဲ့အစည်းနှင့် ယင်းနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်၊

(၃) အခြားတရားဝင်ရပ်တည်သော လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ယင်းနှင့်ဆက်နွှယ်သည့်ပုဂ္ဂိုလ်။

**အဓိကကျသည့် အကျိုးစီးပွားရယူခြင်း**

၄။ ပုဂ္ဂိုလ်တစ်ဦးဦးသည် တစ်ဦးတည်းသော်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သော်လည်းကောင်း ဘဏ်တွင် အဓိကကျသည့်အကျိုးစီးပွားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်သဘောတူခွင့်ပြုချက် မရရှိဘဲ ရယူပိုင်ဆိုင်ခြင်းမရှိစေရ။

၅။ အပိုဒ် ၄ ပါအချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သဘောတူခွင့်ပြုချက်ရယူလိုသည့် ပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်-

(က) လူပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင်-

(၁) လျှောက်ထားသူ၏ အမည်၊ မျိုးရိုးအမည်(ရှိပါက)၊ နေရပ်လိပ်စာ၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အတွေ့အကြုံ၊

(၂) လျှောက်ထားသူနှင့် ယင်း၏ ဆွေမျိုးသားချင်းတစ်ဦးဦး၏ အဆိုပါ ဘဏ်၌ ရှိသည့် အစုရှယ်ယာပိုင်ဆိုင်မှု အမျိုးအစားသဘောသဘာဝနှင့် ပမာဏ၊

(၃) လျှောက်ထားသူနှင့် ယင်း၏ ဆွေမျိုးသားချင်းတစ်ဦးဦး၏ အခြားဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၌ရှိသည့် အစုရှယ်ယာပိုင်ဆိုင်မှုအမျိုးအစား သဘောသဘာဝနှင့် ပမာဏ၊

(၄) လျှောက်ထားသူက ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များအရ အရည်အချင်းမပြည့်မီ ခြင်း သို့မဟုတ် စည်းကမ်းနှင့်မညီညွတ်၍ ပိတ်ပင်ခံရခြင်းမရှိကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တစ်ခု။

(ခ) စီးပွားရေးအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် အခြားတရားဝင်ရပ်တည်သော လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်လျှင်-

(၁) အမည်၊ နေရပ်လိပ်စာနှင့် အဓိကလုပ်ငန်း၏သဘောသဘာဝ၊

(၂) အဆိုပါဘဏ်ရှိ အစုရှယ်ယာပိုင်ဆိုင်မှုသဘောသဘာဝနှင့် ပမာဏ၊

(၃) ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၄) စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် အခြားတရားဝင်ရပ်တည်သော လူပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ အခြားဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်ရှိသည့် အဓိကကျသည့်အကျိုးစီးပွား၏ သဘောသဘာဝ နှင့် ပမာဏ၊

(၅) လျှောက်ထားသူသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ယင်းဥပဒေ အရ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များအရ အရည်အချင်း မပြည့်မီခြင်း သို့မဟုတ် စည်းကမ်းနှင့်မညီညွတ်၍ ပိတ်ပင်ခံရခြင်းမရှိကြောင်း ဒါရိုက်တာအဖွဲ့ဝင်များက ထပ်ဆင့်လက်မှတ်ရေးထိုးထားသည့် ကြေညာချက် တစ်ခု။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အပိုဒ် ၅ အရတင်ပြလာသည့် လျှောက်လွှာအား စိစစ်ရန် အလို့ငှာ ထပ်ဆောင်းသတင်းအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံနိုင်သည်။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အပိုဒ် ၅ အရတင်ပြလာသည့် လျှောက်လွှာအား လက်ခံရရှိပြီး ရက်ပေါင်း (၉၀) အတွင်း ငြင်းပယ်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အောက်ပါအခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက် ပိုသည့် အခြေအနေများနှင့် သက်ဆိုင်သည်ဟုသတ်မှတ်လျှင် အပိုဒ် ၅ အရ တင်ပြလာသည့် လျှောက်လွှာကို ငြင်းပယ်နိုင်သည်-

(က) လျှောက်ထားသူသည် လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် ယင်းဥပဒေအရထုတ်ပြန်သည့် ညွှန်ကြားချက်များအရ သင့်လျော်မှန်ကန်မှု မရှိသည့်ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(ခ) လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် အခြား တရားဝင် ရပ်တည်သော လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်သည့် ညွှန်ကြားချက် များအရ သင့်လျော်မှန်ကန်မှုမရှိသော အရာရှိ သို့မဟုတ် ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ရှိခြင်း၊

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သိရှိသည့်အချက်အလက်များအရ အစုရှယ်ယာကိုရယူ သည့် လူပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းသည် ဘဏ်အပေါ် သိသာထင်ရှား

သည့်လွှမ်းမိုးမှုကို ကျင့်သုံးနိုင်၍ ဘဏ်၏လုံခြုံမှုနှင့် ခိုင်မာမှုကိုခြိမ်းခြောက်နိုင်ကြောင်း ညွှန်ပြခြင်း။

**အဓိကကျသည့်အကျိုးစီးပွားအပေါ် ကန့်သတ်ချက်အား မသက်ဆိုင်စေခြင်း**

၉။ (က) အပိုဒ် ၄ ပါ ဖော်ပြချက်သည် အောက်ပါတို့နှင့်သက်ဆိုင်ခြင်းမရှိစေရ-

(၁) အောက်ပါကိစ္စရပ်များအတွက် ရယူသည့် ဘဏ်၏ မဲပေးပိုင်ခွင့်ရှိသော အစုရှယ်ယာများ-

(ကက) ကြွေးမြီပြန်လည်ပေးဆပ်မှုအတွက် ဘဏ်မှထုတ်ပေးသော ရှယ်ယာသဘောသက်ရောက်သည့် ခွင့်ပြုချက်များ၊

(ခခ) တာဝန်ခံ၍ ရောင်းချပေးခြင်းအစီအစဉ်အရ ဘဏ်က တစ်နှစ်အတွင်း သို့မဟုတ် ဗဟိုဘဏ်က ခြွင်းချက်ပြုသည့်ကိစ္စရပ်တွင် တစ်နှစ်ထက်ပိုသည့်ကာလ၌ ဘဏ်မှရောင်းချသည့် မဲပေးပိုင်ခွင့်ရှိသည့် အစုရှယ်ယာများ၊

(၂) ကိုယ်စားလှယ် သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ဘဏ်၏ မဲပေးနိုင်သည့် အစုရှယ်ယာများရယူခြင်း။

(ခ) ဘဏ်သည် အခြားဘဏ်၏ မဲပေးနိုင်သည့်အစုရှယ်ယာများကို အပိုဒ်ခွဲ (က)(၁)(ကက) အရ ရယူပါက ထိုသို့ မဲပေးပိုင်ခွင့်ရှိသည့် အစုရှယ်ယာများကိုရယူကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။

**အဓိကကျသည့် အစုရှယ်ယာရှင်တစ်ဦးအဖြစ် ဆက်လက်တည်ရှိနိုင်ရန် အတည်ပြုချက်**

၁၀။ ဘဏ်တွင် အဓိကကျသော အကျိုးစီးပွားရယူထားသည့် လူပုဂ္ဂိုလ်တစ်ဦးဦး၊ စီးပွားရေးအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် အခြားတရားဝင်ရပ်တည်သော လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း အပိုဒ် ၅ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လျှောက်လွှာကို တင်သွင်းရမည်။

**အဓိကကျသည့် အကျိုးစီးပွားကို အစီရင်ခံတင်ပြခြင်း**

၁၁။ ဘဏ်သည် အဓိကကျသည့်အကျိုးစီးပွားရယူထားသော အစုရှယ်ယာရှင်များ၏ အမည်၊ နေရပ်လိပ်စာ၊ မဲပေးပိုင်ခွင့်ရှိသည့် အစုရှယ်ယာအရေအတွက်နှင့် ရာခိုင်နှုန်းများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနက သတ်မှတ်သည့်ပုံစံနှင့် သတ်မှတ်သည့်အချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ နှစ်စဉ်အစီရင်ခံတင်ပြရမည်။

**လွှမ်းမိုးခြယ်လှယ်ခြင်း**

၁၂။ ဘဏ်တွင် အဓိကကျသည့် အကျိုးစီးပွားရှိသော အစုရှယ်ယာရှင်များသည် ကောင်းမွန်သော အဖွဲ့အစည်း စီမံအုပ်ချုပ်မှုနှင့် ဆန့်ကျင်ပြီး ဘဏ်၏ လုံခြုံမှုနှင့် ခိုင်မာမှုအား အဟန့်အတား ဖြစ်စေနိုင်သည့် လွှမ်းမိုးခြယ်လှယ်သော လုပ်နည်းလုပ်ဟန်ဖြင့် ဆောင်ရွက်ခြင်း မပြုရ။

**ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း**

၁၃။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်၍ ပုဒ်မ ၄၇ အရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ပြီး ပုဒ်မ ၉၄ နှင့် ၉၆ တို့အရ ဘဏ်အား ပြန်လည်တည့်မတ်စေရန် ဆောင်ရွက်ခြင်း သို့မဟုတ် အရေးယူခြင်းနှင့် အဆိုပါ ဥပဒေပုဒ်မ ၁၅၄ ပါ စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အရေးယူခြင်းခံရမည်။

**အကျိုးသက်ရောက်ခြင်း**

၁၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ ချက်ချင်းအကျိုးသက်ရောက်စေရမည်။

(ပုံ)xxxxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)